

လရောင်အနမ်းရဲ့ပွင့်တဲ့အိပ်မက်
မျိုးကိုမျိုး

## အခန်း (၁)

“ဟဲ့ အုပ်စိုး”

“ဗျာ...........ဒေါ်လေး”

အုပ်စိုးတစ်ယောက် ထုံချိုင်းလှည်းလေးကို တွန်းထွက်ရမည့်အရေး မတွန်းထွက်သေးဘဲ ဟိုယောင်ယောင် ဒီယောင်ယောင် ဖင့်လေးနေသည်ကို အဒေါ်ဖြစ်သူ ဒေါ်ဌေးဌေးခင် မျက်စိနောက်လာဟန်ဖြင့် အသံခပ်ဆတ်ဆတ်ပေး၍ ခေါ်လေရာ အုပ်စိုး ပျာပျာသလဲ ပြန်ထူးရသည်။ ဒေါ်ဌေးဌေးခင်က မျက်နှာတည်ကြီးလုပ်ပြီး

“မင်း.........ဒီနေ့ရော ဈေးရောင်းထွက်ဖြစ်ဦးမှာလား”

“ဩော်... ထွက်မှာပေ့ါ ဒေါ်လေးကလည်း...... ဒီမှာဘာလိုအပ်သေး လဲ......ဘာတွေ ကျန်ခဲ့ သေးသလဲဆိုတာ သေချာစစ်ဆေးနေရလို့ပါ... ဒေါ်လေးလည်း ကြားဖူးမှာပေ့ါ.. ပွဲမဝင်ခင် အပြင်ကလေ့ကျင့်ဆိုသလို...”

“တော်စမ်းပါကွယ်... အပိုတွေပြောပြီး အချိန်ဖြုန်းမနေစမ်းနဲ့... မင်းဒီကနေ့ ထုံချိုင်း ထွက်မရောင်းရင် ငါကလည်း ထမင်းချန်မထားဘူး မှတ်”

“ဒေါ်လေးကလည်း ပြေးကြည့်မှ ဒီတူလေးတစ်ယောက်တည်း ရှိတဲ့ဟာကို... သိပ်စိမ်းကား တာပဲ”

“စိမ်းကားတယ်ဟေ့... စိမ်းကားတယ်... စိမ်းကားမှဘာဖြစ်ဆိုလားပဲ”

“ဩော်... ဒေါ်လေးကလည်း ဒါလေးတောင် မသိဘူးလား... စိမ်းကားမှ... မှ...”

“တော်... သူ့ဟာသူ ဘာဖြစ်ဖြစ် အရေးမကြီးဘူး... အရေးကြီးတာက မင်းရဲ့ထုံချိုင်း လှည်း ငါ့မျက်စိရှေ့က မြန်မြန်ထွက်ရင်ထွက်... မထွက်ရင် ငါတွေ့ကရာနဲ့ ကောက်ပေါက်မိတော့ မယ်ဟဲ့”

“အဟင်း.......ဒေါ်လေးကလည်း ပြေးကြည့်မှ ဒီတူလေးတစ်ယောက်တည်း ရှိတဲ့ဟာကို... တကတည်း အံ့ပါရဲ့”

“ရော်... ဒီလောက်ပြောနေဆိုနေရင်းနဲ့... မိကျောင်းသားလျှာရှည်တယ်... ငါလေ... တယ်”

“နေ... နေ... ဒေါ်လေး... ဘာမှတယ်မနေနဲ့တော့... ကျွန်တော် အခုပဲသွားပါပြီ.... တာ့တာ”

ဒေါ်ငွေးငွေးခင်နီးရာလက်နက်စွဲကိုင်တော့မည့်အရေး မြင်ကာမှ အုပ်စိုးလည်း အီလေးဆွဲ မနေရဲတော့ဘဲ ထုံချိုင်းလှည်းတွန်းထုတ်ထွက်ပြေးရလေသည်။ ဒါတောင် အဒေါ်ဖြစ်သူကို မျက်လုံးပြူး နှုတ်ခမ်းမဲ့ပြကာ နောက်ပြောင်သွားသေးသည်။ ဒေါ်ငွေးငွေးခင်လည်း အုပ်စိုး၏ အမူအရာကြောင့် ရယ်ချင်စိတ်ကို မနည်းအောင့်အီးထားရကာ

“ဟွန်း......ဒီလောက်ပြောနေတဲ့ကြားက မျက်နှာကလည်းပြောင်ပ့ါ”

ဟု ရေရွတ်ပြောဆိုပြီး အိမ်ထဲသို့ဝင်မည်ပြုစဉ်

“ဗျို့......မငွေး........တစ်ယောက်တည်း ပွစိပွစိနဲ့ ဘာတွေပြောနေတာလဲဗျ”

ဆိုသော အသံကြောင့် အိမ်ထဲသို့မဝင်ဖြစ်သေးဘဲ နောက်လှည့်ကြည့်ရာ လူပျိုကြီး ဦးငြိမ်းမောင်ကို တွေ့ရသဖြင့်

“ဩော်... ဘယ်သူဖြစ်ရမလဲ... အိမ်က ကျေးဇူးရှင်ပေ့ါ........တူလေးတစ်ယောက်ရှိလို့ အားကိုးရမလား မှတ်တယ်... တကတည်း သုံးစားလို့ကို မရဘူး.... ဒင်း ဒီလိုလက်ကြောမတင်းပုံ မျိုးနဲ့တော့လား... ကျုပ်သာမရှိရင် ခက်မယ်”

ဟု အုပ်စိုး ချီးမွမ်းခန်းကို ဆက်လက်ဖွင့်ဆိုရင်း နေရာမှာ ပြန်ထိုင်သည်။

ဦးငြိမ်းမောင်လည်း ဒေါ်ဌေးဌေးခင်ကို ရွှန်းရွှန်းစားစားတစ်ချက်ကြည့်လိုက်ပြီးမှ

"ဩော်... မဌေးက အုပ်စိုးကိစ္စပြောနေတာကိုး... ဒီအတွက်တော့ မပူပါနဲ့..... မဌေး တစ်ယောက်တည်းအတွက် ဒီကိစ္စက ခက်ချင်ခက်ပေမယ့် နှစ်ယောက်ပေါင်းလိုက်ရင်တော့ ခက်မယ် မထင်တော့ပါဘူး"

ဟု လိုရာဆက်ပြောလေရာ ဒေါ်ဌေးဌေးခင် မျက်နှာကြီး ရဲကနဲ ဖြစ်သွားရကာ

"ဘာရှင့်.......ဘာပြောတယ်"

ဟု မဆိုင်းမတွ ရန်ထောင်ဖို့ ပြင်ဆင်လိုက်လေသည်။ ထိုအခါ မှ ဦးငြိမ်းမောင်လည်း ဒေါ်ဌေးဌေးခင် စိတ်ကြိုးပုံကို အကြောင်းသိပီပီ စကားကိုလျှော့ချရသည်။

"ဩော်.....ကျွန်တော်ဆိုလိုတာက ဒီလိုပါ... အုပ်စိုးတို့လို အရွယ်ရောက်လာကြတဲ့လူငယ် တွေဟာ အိမ်ကလူကြီးသူမတွေပြောဆိုဆုံးမတာကို လွယ်လွယ်နားမဝင်တတ်ကြဘူးလေ..... သူတို့ကို နားဝင်အောင် ပြောနိုင်တာဆိုလို့ သူတို့နဲ့ သက်တူရွယ်တူ ကောင်မလေးတွေပဲရှိတာ မဟုတ်လား... ဒါကြောင့် မဌေးတူတော်မောင်ကို ခြေငြိမ်စေချင်တယ်... လိမ္မာ ရင့်ကျက်စေချင်တယ် ဆိုရင် မြန်မြန်သာ အိမ်ထောင်ချပေးလိုက်ပါလို့ ပြောတာပါ... ဒါမှ မဌေးလည်း ခုလိုပြောရဆိုရတာ သက်သာမှမဟုတ်လား"

"အို......တော်စမ်းပါတော်... တစ်ပူပေါ် နှစ်ပူဆင့် ခေါင်းရှုပ်မခံနိုင်ပါဘူး.......တော်ကြာ...... သူ့ဟာမလေးကလည်း သူ့လိုပဲလက်ကြောမတင်းတဲ့ ရေပေါ်ဆီသက်သက်ဆိုရင်... ကျုပ်အသက် ဒီထက်တိုဖို့ပဲ ရှိတော့တယ်"

"ဩော်... ဒီကိစ္စမျိုးဆိုတာက အဲသလိုအပြတ်ပြောလို့ မရဘူးမဌေးရဲ့... အိမ်ထောင်ကျ ပြီးမှ အံ့ဩစရာကောင်းလောက်အောင်

ကြိုးစားလာကြတဲ့သူတွေလည်း ဒုနဲ့ဒေးပါ… နောက်ပြီး အုပ်စိုးဆိုတာကလည်း မိဘနှစ်ပါးမရှိတော့တဲ့နောက် မငွေးလက်ပေါ်မှာပဲ ကြီးပြင်းလာပြီး… မငွေးပဲ အဖေ… မငွေးပဲ အမေဆိုတဲ့စိတ်နဲ့ နွဲ့ဆိုးဆိုးတာလည်း ပါပါတယ်”

“အင်း… ဒါတော့ ဟုတ်ပါရဲ့”

လူပျိုကြီးဦးငြိမ်းမောင်စကားကို ဒေါ်ငွေးငွေးခင် သဘောတူလက်ခံပါကြောင်း ခေါင်းညိတ်ပြ သည်။ ဦးငြိမ်းမောင်လည်း အားတက်လာလျက် စကားကိုဆက်သည်။

“ဆိုရိုးစကားလည်း ရှိတယ်မဟုတ်လား မငွေးရဲ့…… မိဘတိုးဂုဏ်ရှားရှိတဲ့အတိုင်း သမီးကညာ အခါမလင့်ဆိုသလိုပေါ့”

“ဟင်… ကိုငြိမ်းမောင်… ရှင့်ဟာက မှားနေပြီ”

“ဟင်….. ဘာ….. ဘာမှားလို့လဲ”

“ဘာမှားရမှာလဲ… ရှင်ပြောသလို သမီးကညာအခါမလင့်ရအောင်… ကျုပ်တူအုပ်စိုးက ယောကျ်ားလေးလ… ဘာကြောင့် အခါလင့်ဖို့ကို ကြောက်ရမှာလဲ”

“ဩော်…… အင်း….. ဟုတ်သားပဲ”

ဒေါ်ငွေးငွေးခင်အမှားထောက်ပြချက်ကြောင့် ဦးငြိမ်းမောင်ဘာဆက်ပြောရမှန်းမသိဖြစ်သွားပြီး မှ အရှက်ပြေဆက်ပြော၏။

“အေးဗျနော်….. ရှေးဆိုရိုးစကားတွေကလည်း အားနည်းချက်တွေအတော်ရှိတာပဲ… သမီး ကညာအတွက်ပဲ ပြောပြီး သားယောကျ်ားလေးအတွက်ကျတော့ ပြောမထားတာဆိုးတယ်… ဒါကြောင့် ကျွန်တော်လည်း ခုလိုလူပျိုကြီးဖြစ်နေရတာ ထင်တယ်”

“အိုတော်… သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတဲ့စကားရှိပါရဲ့နဲ့… ရှင့်ဘာသာ အဖြစ်မရှိ လို့ မစွံတာများ… ရှေးလူကြီးတွေကို အပြစ်မပြောပါနဲ့”

ဒေါ်ဌေးဌေးခင်တစ်ယောက် အမြင်ကတ်ကတ်နှင့်ဖိပြောလိုက်သည်ကို ရိပ်မိသော်လည်း နောင်အရေးကို မျှော်တွေးတတ်သော ဦးငြိမ်းမောင်က ဗွေမယူဘဲ

"အေးဗျ... မဌေးပြောတာလည်း သဘာဝကျသား...... ဒီတော့ကာ လိုရင်းကို ပြန်ဆက် ရရင်... အုပ်စိုးကို နေရာမြန်မြန်ချလိုက်တာဟာ မဌေးအတွက်ရော... ကျွန်တော့အတွက်ရော အကောင်းဆုံးဖြစ်မယ်ဆိုတာပါပဲ"

"အင်း... ဒါလည်းဟုတ်... ဟင်... ဘာ... ဘာပြောတယ်... ရှင်က ဘာအတွက် အကောင်းဆုံးဖြစ်ရတာ လဲ"

ဒေါ်ဌေးဌေးခင် ယောင်ပေါင်ခေါင်းညိတ်မည်ပြုပြီးမှ ဦးငြိမ်းမောင်၏ အနှောင့်အသွားမလွတ် သော စကားကို သတိရသွားလျက် ရန်ထောင်ဖို့ပြင်သည်။ ဦးငြိမ်းမောင်ကလည်း မလျှော့ဘဲ

"ဩော်......ကျွန်တော်ဆိုလိုတာက အုပ်စိုးဆိုတာ ကျွန်တော့် မျက်စိရှေ့တင် ကြီးပြင်းလာတာ ဆိုတော့... ကျွန်တော့် တူသားပဲလေ... သူ့အတွက် မဌေးပူရသလို ကျွန်တော်လည်း ပူရတာ ပါပဲ...... သူကိုယ်တိုင်လည်း ကျွန်တော့်ကို ဦးလေးရင်းချာ တစ်ယောက်လို သဘောထားရှာတာ... ဒါကြောင့် သူမိန်းမသွားတောင်းရင်တောင် မဌေးကို သူ့မိခင်နေရာကထား... ကျွန်တော့်ကို သူ့ဖခင် နေရာကထားမယ်လို့ တွေ့တိုင်းပြောနေတတ်တာ... ဒီကောင်လေးနှယ် တယ်ခက်ပဲ... ဟဲ ဟဲ ဟဲ"

ဟူ၍ ပါးစပ်အရသာခံပြောလေသည်။ ဒေါ်ဌေးဌေးခင်လည်း ဆက်ပြောလေ မိမိဘက်မှ နစ်နာမှုရှိလေဆိုတာ ရိပ်မိလျက်

"ကိုင်း...... ကိုင်း........ အဲဒီ အလိုက်ကန်းဆိုးမသိတတ်တဲ့ ငနာလေးအကြောင်း ပြောတာရပ်ပြီး ရှင့်လာရင်းကိစ္စကိုပြောပါဦး"

ဟု စကားကိုဖြတ်တော့သည်။ ဒါတောင် ဦးငြိမ်းမောင်က မျက်နှာပိုးမသတ်ဘဲ

“ဩော်...... ဘာကိစ္စရှိရမှာတုန်း မဌေးရဲ့.......
ဟောဒါတွေလာပို့တာပေ့ါ”

ဟူ၍ လက်ထဲမှ ထုံချိုင်းဆိုသည့် ယိုဒယားဖြစ် ကြက်၊ ငါးအူချောင်းနှင့် ကြက်ငါးသားလုံးထုပ် များကို မြင်သာအောင်မြှောက်ပြပြီး ရက်ရောကသော စေတနာကို ဖော်ပြလေသည်။ ဒေါ်ဌေးဌေးခင် မျက်စောင်းတစ်ချက်ထိုးလိုက်ပြီးမှ

“ရော်......အဲဒါတွေ ရှင့်ကိုဘယ်သူမှာ ထားလို့လဲ”

“ဘယ်သူမှ မှာမထားပါဘူး... မောင်အုပ်စိုးလည်း ရောင်းချင်ရောင်းလို့ရအောင်... ပြီးတော့ မဌေးကိုလည်း စားစေချင်လို့ပါ”

“အိုတော်... ကျုပ်လည်းမစားချင်ပါဘူး... ကျုပ်တူဆီမှာလည်း တင်ရောင်းဖို့ရာ အလုံ အလောက်ရှိနေတဲ့ဟာပဲ... ရှင့်ဟာရှင်သာ ပြန်ယူသွားစမ်းပါ”

“အိုဗျာ... ဒီက တကူးတကလာပို့တဲ့စေတနာကိုတော့ အသိအမှတ်ပြုသင့်ပါတယ်နော်”

“ဟုတ်သားပဲ အမေရဲ့... ဦးငြိမ်းက စားစေချင်လို့ လာပို့ပေးတဲ့ဟာကို... အမေမကြိုက် ရင်လည်း သမီးတို့ကြိုက်တယ်... ယူသာယူထားလိုက်”

အပြင်မှပြန်ရောက်လာပြီး ဝင်ပြောလိုက်သော သမီးဖြစ်သူ မို့မို့၏ စကားကြောင့် ဒေါ်ဌေးဌေးခင် မို့မို့ကို မျက်စောင်းတစ်ချက်ထိုးကြည့်လိုက်သေး၏ ။ ပြီးမှ

“ဒါဆိုလည်း ကျေးဇူးပဲ... ပေး..ပေး... အိမ်ထဲမှာ ကျွန်မလုပ်စရာတွေရှိသေးလို့ သွားလုပ်လိုက်ဦးမယ်... ပိုက်ဆံတော့ မနက်ဖြန်မှ ရှင်းမယ်”

ဟူ၍ ထုံးချိုင်းထုပ်များကို လှမ်းဆွဲယူပြီး စကားဖြတ်ကာ အိမ်ထဲသို့

ဘောက်ဆတ် ဘောက်ဆတ်ဝင်သွားတော့သည်။ ဦးငြိမ်းမောင်လည်း ဒေါ်ငွေးငွေးခင်၏ အပြုအမူကို ဆယ်ကျော် သက်လေး တစ်ယောက်အလား ထင်မှတ်ခံစားပြီး

"ဟောဗျ... သူ ကျေးဇူးတင်ပုံကြီးကလည်း"

ဟုရေရွတ်ရင်း ကျေကျေနပ်နပ်ကြီး ပြုံးကြည့်ပြီးနောက်

"ကဲ သမီး မို့မို့... ဦးငြိမ်းလည်း အလုပ်ရှိလို့ သွားလိုက်ဦးမယ်နော်... နောင်လည်း ကိုယ့်ဖခင်တစ်ယောက်လို သဘောထားပြီး လိုအပ်တာရှိရင်ပြော... အားမနာနဲ့... ကွယ်လွန်သွား ရှာပြီဖြစ်တဲ့ သမီးတို့အဖေဆိုတာလည်း ဦးရဲ့သူငယ်ချင်းအရင်းကြီးပဲလေ......ဒါကြောင့် သမီးတို့ကို ဖခင်တစ်ယောက်လို စောင့်ရှောက်ရမယ့်တာဝန် ဦးငြိမ်းမှာရှိတယ် သိလား"

"ဟုတ်ကဲ့.... စိတ်သာချ...... လိုအပ်တာရှိရင် ပြောမယ်...... အားမနာဘူး"

"ဒီလိုမှပေါ့....... ကဲ ကဲ...... သွားမယ်နော်"

ဦးငြိမ်းမောင် ကျေနပ်စွာဖြင့် အိမ်ထဲတစ်ချက်လှမ်းကြည့်ပြီးနောက် ထွက်ခွာသွားလေတော့ သည်။

*

အုပ်စိုး "မောင်မင်းကြီးသား ထုံချိုင်း"ဟု အမည်ပေးထားသော လက်တွန်းလှည်းလေးပေါ်ရှိ ကက်ဆက်ခလုတ်ကိုနှိပ်လိုက်သည်။ မြူးကြွသောတေးဂီတသံတွေ ထွက်ပေါ်လာသည်။ ဂီတသံနှင့်အတူ အုပ်စိုးကိုယ်တိုင်မြူးကြွလာရကာ ခေါင်းတခါခါ ကိုယ်တခါခါဖြင့်

မောင်မင်းကြီးသား ထုံချိုင်း လှည်းကို စိတ်ပါလက်ပါတွန်းလျက် ရောင်းနေကျနေရာဆီသို့ ဦးတည်လိုက်သည်။

ရောင်းနေကျနေရာ မရောက်ခင် လမ်းခုလပ်မှာပင်

"မောင်မင်းကြီးသားထုံချိုင်း"

"မောင်မင်းကြီးသားထုံချိုင်း နေပါဦး"

ဆိုသော အသံတွေကြောင့် ခြေလှမ်းတွေကို ရပ်ပြီး နောက်လှည့်ကြည့်ရာ အပြတ်အားပေးမည့် လက္ခဏာအထင်းသားနှင့် စားသုံးသူကလေးငယ်လေးဦးခန့်ကို တွေ့လိုက်ရ၍ ပျော်သွားသည်။ ထို့ကြောင့် အသားညှပ်ကပ်ကြေးကို တချပ်ချပ်ညှပ်ပြရင်း

"ကိုင်းလာကြ လာကြ..... လတ်ဆတ်သလောက် အရသာရှိသလို...... အရသာရှိသလောက် သန့်ရှင်းပြီး........ သန့်ရှင်းသလောက် ဈေးနှုန်းချိုသာတဲ့ ခုကြော်၊ ခုကင်၊ ခုစား အရွယ်သုံးပါးမရွေး ကြိုက်နှစ်သက်တဲ့ မောင်မင်းကြီးသားထုံချိုင်းက နွေးထွေးပျူငှာ ကြိုဆိုလျက်ပါပဲတဲ့ ခင်ဗျာ"

ဟူ၍ ဇာတ်မင်းသားသံနှောရင်းပြောလေရာ ကလေးငယ်များသဘောတွေ့သွားလျက် လက်ညှိုးတထိုးထိုးဖြင့် အလိုရှိရာပြောကြတော့သည်။

"ဦးလေးကြီး........ ကြက်သားလုံးဘယ်လောက်လဲ"

"ကြက်သားလုံးက ငါးဆယ်......... ဘယ်မှာမှမဝယ်နဲ့ ဒီမှာရတယ်မှတ်ဟယ်"

"အိုကေ....... ချက်ချင်းရစေရမယ်.... မောင်မင်းကြီးသားထုံချိုင်းရဲ့ ဂီတသံကို နားသောတဆင်ရင်း ခေတ္တစောင့်ပေးပါ လူကြီးမင်းလေးခင်ဗျာ"

"အိုကေ ရတယ်"

အုပ်စိုး မီးသွေးမီးအပူပေးပြီး ဆီထည့်ထားသော အိုးထဲသို့ ကြက်သားလုံးများ ထည့်ကြော်နေစဉ် ကြက်သားလုံးမှာထားသော ဖက်တီးလေးက ဂီတသံမှာ စီးမျှောရင်း ခန္ဓာကိုယ်ကို ရှေ့နောက် ယိမ်းထိုးနေသည်။ နောက်ချာတိတ်တစ်ယောက်ကလည်း စည်းချက်လိုက်နေရင်းနှင့်

"ဦးလေးကြီး....... ငါးဖယ်ချောင်းကရော ဘယ်လောက်လဲ"

"ကုန်ဈေးနှုန်းတွေ တက်နေပေမယ့် မောင်မင်းကြီးသား ထုံချိုင်းရဲ့ ငါးဖယ်ချောင်းကတော့ တစ်ခုမှ အစိတ်ပဲဆိုတာ လူရင်းတွေမို့ ကြိုတ်ပြောပြထားမယ်"

"အိုကေ... ကြိုက်ပြီဗျာ... ကျွန်တော့်ကို ငါးဖယ်ခြောက်ခုပေး"

အုပ်ဆိုးပြုံးရွှင်မြူးစွာဖြင့် ငါးဖယ်ဆုပ်များကို အကြော်အိုးထဲထည့်လိုက်ပြန်သည်။ ထိုစဉ် တတိယ မြောက်ချာတိတ်က

"ဦးလေးကြီး"

ဟုခေါ်ပြန်သဖြင့် အုပ်စိုးပြန်ထူးမည်ပြုစဉ် နောက်ဆုံးကျန်ရှိသည့် တစ်ယောက်က ဦးလေးကြီးဟု ခေါ်သည့်တတိယမြောက်ကောင်လေးကို တံတောင်ဖြင့် တစ်ချက်လှမ်းထိုးပြီး

"မင်းတို့ကလည်း အထူအပါးကို နားမလည်ဘူး... ထုံချိုင်းရောင်းတဲ့အစ်ကိုကြီးက ဒီလောက် ငယ်ငယ်လေးရှိသေးတာ... ဦးလေးကြီး ဦးလေးကြီးလို့ မခေါ်စမ်းပါနဲ့... အစ်ကိုကြီးလို့ပဲ ခေါ်စမ်းပါ... အစ်ကိုကြီး ပုဇွန်လုံးက ဘယ်လောက်လဲ"

ဟူ၍ သူငယ်ချင်းတွေအပေါ် ဆရာလုပ်ရင်း အုပ်စိုးကို မြှောက်ပင့်လေရာ အုပ်စိုးလည်း သဘောကျသွားရသည်။ ထို့ကြောင့်

"ပုဇွန်လုံးတစ်လုံး အစိတ်... ဒါပေမယ့် ညီလေးက

အမြင်စူးရှတဲ့အတွက် ညီလေးစားမယ် ဆိုရင် နှစ်ဆယ်နဲ့ပဲယူ”

ဟူ၍ သဘောကောင်းပြလေရာ ကျန်သုံးယောက်လည်း မျက်လုံးရောင်လေးတွေ တောက်လာ ကြသည်။ ဖက်တီးလေးက အုပ်စိုးကို စေ့စေ့စပ်စပ်ကြည့်ရင်း

“သြော်....ငယ်ငယ်လေးရှိသေးတယ်ဆိုတာတော့ ငါလည်းသိပါတယ်ကွ......စတွေ့တွေ့ချင်း လေးစားသမှုနဲ့ ဦးလေးကြီးလို့ ခေါ်ရတာပါကွ... ကဲ...... အခု ရင်းနှီးသွားပြီဆိုတော့ အစ်ကိုကြီးလို့ပဲ ခေါ်တော့မယ်... အင်း... ပြောလို့ပြောတာမဟုတ်ဘူး...... သေချာကြည့်တော့မှ အစ်ကိုကြီးက ယိုးဒယားကာရာအိုကေ သီချင်းခွေထဲက အဆိုတော် ထုံချိုင်းနဲ့တောင် တူသလိုလိုပဲကွ”

“ဟေ ဟုတ်လား...... ယိုးဒယားအဆိုတော် ထုံချိုင်းနဲ့ ကိုယ်နဲ့ တကယ်တူလို့လား”

“သြော်... အစ်ကိုကြီးကလည်း... ကျွန်တော့်အဖေက ကျွန်တော့်ကို လိမ်ညာမပြောရဘူး ငရဲကြီးတတ်တယ်လို့ ငယ်ငယ်လေးကတည်းက သင်ပေးထားတာဗျ... ကျွန်တော်က မတူဘဲနဲ့ တူတယ်လို့ ဘာလို့လိမ်ပြောရမှာလဲ... ငရဲကြီးမှာပေါ့ဗျ”

“အေး... ငါညီပြောတာလည်းမှန်သားပဲ... ဒါနဲ့ငါ့ညီမှာထားတာ ကြက်သားလုံးနော်...... အစ်ကိုကြီးက နှစ်ခုအပိုပေးမယ် သိလား...... အဟီး”

မြှောက်ပြောလျှင် ဈေးလည်းလျှော့၊ အပိုလည်းပေးသည့်အခွင့်အရေးရှိမှန်းသိသည်နှင့် ကျန်နှစ်ကောင်လည်း နောက်ကျမခံစတမ်း

“ဘယ်ကလာ.....ဦးလေးကြီးက... အဲလေ... အစ်ကိုကြီးက ဂမ်းဘက်မင်းသားနဲ့ပိုတူတာ ကွ....... မယုံကြည့်ပါလား”

"ဘယ်ကလာ... ဒီလောက်တောင် ချောတဲ့ဟာ... ဂျွန်စောနဲ့မှ ချွတ်စွပ် နော်... နော်... အစ်ကိုကြီးနော်... ကျွန်တော်ပြောတာ မှန်တယ်နော်... နော် အစ်ကိုကြီးဂျွန်စောနော်"

ဟူ၍ အသီးသီးမြှောက်ပင့်ပြောဆိုလေရာ အုပ်စိုးလည်း ထားရခက်သော မျက်နှာဖြင့် ပြုံးဖြီးဖြီး ကြီးဖြစ်ကာ

"အေးပါကွာ... အေးပါ... ညီလေးတို့လည်း စားချင်တာကိုသာပြော.....ကင်ပေးရမလား ကြော်ပေးရမလား ကြိုက်သလိုသာပြော... ဈေးလည်းလျှော့ပေးမယ်... အပိုလည်း အများကြီး ပေးမယ်... စိတ်ချ"

ဟူ၍ သဘောတွေလွှတ်ကောင်းပြလေရာ ကလေးတွေလည်းပျော်သွားပြီး

"ဟေး.... ဒါမှ တို့ မောင်မင်းကြီးသားထုံချိုင်း အစ်ကိုကြီးကွ"

ဟု ဝမ်းသာအားရ သံပြိုင်အော်ဟစ်ကြလေသည်။

ဟိန်းကနဲထွက်ပေါ်လာသော ကလေးများ၏ သံပြိုင်အော်ဟစ်သံကြောင့် အုပ်စိုးလည်း လန့်ဖျပ်ပြီး

"ရှူး... တိုးတိုး"

ဟူ၍ ပါးစပ်မှာလက်ညှိုးတစ်ချောင်း ကန့်လန့်ဖြတ်တင်သတိပေးရင်း ဘေးဘီဂဲယာသို့ ကပျာကယာကြည့်မိသည်။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် အုပ်စိုးစိုးရိမ်စိတ်နှင့်အတူ ရင်ခုန်သံတွေပါ မြန်သွားရသည်။

ကလေးငယ်များ၏ ရုတ်တရက်ထွက်ပေါ်လာသော

သံပြိုင်အော်ဟစ်သံကြောင့် အနီးဝန်းကျင် မှ လူများနည်းတူ မိန်းမချောလေးသည်လည်းပဲ ကိုယ့်လမ်းကိုယ်သွားနေရင်း မတ်တပ် ထုံချိုင်း အရောင်းဆိုင်လှည်းဆီ ချာကနဲလှည့်ကြည့်လေသည်။ သည်မှာတင် ရှေ့တူရူမှလာနေသော အထမ်း သမားတစ်ဦးနှင့် တိုးတိုက်မိပြီး လက်ထဲမှ စာရွက်စာတမ်းများပြုတ်ကျကာ လူလည်း ဟန်ချက် ပျက်ကာလဲကျသွားရသည်။

ထိုမိန်းမချောသည် လဲကျတာကို အမှုမထားဘဲ မြေပြင်ပေါ်ပြန့်ကျဲနေသော စာရွက်စာတမ်း များကိုသာ အမိအရလိုက်လံကောက်ယူစုစည်းနေသည်ကို တွေ့ရသည်။

အုပ်စိုးစာနာသနားခြင်းနှင့်အတူ မိန်းမချောလေးကို ကူညီဖေးထူရန် ခြေလှမ်းပြင်လိုက်စဉ်မှာ ပင် မိန်းမချောက မတ်တပ်ပြန်ရပ်ပြီးဖြစ်သည်။

သူမရှက်သွားဟန်တူသည် ဟူသောအတွေးဖြင့် အုပ်စိုး စာနာစိတ်မွေးမိသော်လည်း သူမက တော့ စောစောက ဘာမျှမဖြစ်ခဲ့သည့် ဟန်ဖြင့် လက်ထဲမှစာရွက်လိပ်တစ်လိပ်ကို ဖြန့်ကြည့်ပြီး ငိုက်စိုက်ငိုက်စိုက်နှင့် လမ်းဆက်လျှောက်နေသည်ကိုတွေ့ရသည်။ သည်ပုံ အတိုင်းဆိုလျှင် လမ်းမှာ သည်လိုပဲ တိုးမိတိုက်မိဦးမှာပဲဟု တွေးရင်း အုပ်စိုးပြုံးလိုက်မိသည်။ သူမသည် ထူးဆန်းသော မိန်းမချောလေးတစ်ဦးဖြစ်သည်။ ဘာမထီမျက်နှာထားနှင့် သူမသည် အုပ်စိုး၏ ရင်ခုန်သံကို မြန်စေ သည်က မှန်သောသစ္စာသာဖြစ်သည်။

ရင်ခုန်သံ၏ စေ့စော်မှုဖြင့် အုပ်စိုး၏ ခြေလှမ်းများက သူမသွားရာနောက်ကို လျှောက်လှမ်းမိ လေသည်။ အုပ်စိုး၏ ရုတ်တရက် ပြောင်းသွားသော အပြုအမူကြောင့် ပါးစပ်တပြင်ပြင်ဖြစ်နေသော ကလေးငယ်လေးဦးလည်း သူတို့၏ ရရှိပြီးအခွင့်အရေးကို လက်လွှတ်မခံနိုင်သလို လှည်းရှေ့မှာ ပိတ်ကာပြီးလှည်းကို ဝိုင်းတွန်းထားကြကာ

"အစ်ကိုကြီး ဂမ်းဘက်မင်းသား... ကျွန်တော်မှာထားတဲ့ ကြက်သားပြား

မရသေးဘူးလေ… ဘယ်သွားမလို့လဲ”

“ဟုတ်တယ်လေ… ကျွန်တော့်အတွက် ကြက်သားလုံးလည်း မလုပ်ပေးရသေးဘူးလေ အစ်ကိုကြီးထုံချိုင်းရဲ့”

“ကျွန်တော်… ကျွန်တော့်ကို ငါးဖယ်ချောင်းညှပ်ပေးဦးလေ”

ဟူ၍ အသီးသီးဝိုင်းဝန်းပြောဆိုကြလေကာမှ အုပ်စိုးလည်း လူလည်ကြီးသားသမီး လေးယောက်ကို ပြန်လည်သတိထားမိသွားသည်။ သို့သော် ထိုမိချောင်းသားလေးယောက်ထက် ပိုမို အရေးကြီးသည်က ရင်ကိုခုန်စေသူမိန်းမချော၏ ခြေရာတွေ မပျောက်ပျက်စေဖို့သာဖြစ်သည်။ ထို့ကြောင့် အသင့်ကြော်ပြီး ကင်ပြီးသား ရှိသမျှအသားတွေကို ပလတ်စတစ်အိတ်လွတ်ထဲ စုပြုံထည့် ကာ

“ရော့ ရော့ ကျေးဇူးရှင်တွေ… အဲဒါတွေ ယူသွားပြီး ဝေစားကြပေတော့… ပိုက်ဆံလည်း ပေးမနေနဲ့တော့”

ဆိုပြီး ကိစ္စဖြတ်လိုက်ရာ ပုဂ္ဂိုလ်လေးတွေလည်း ဝမ်းသာအားရလှမ်းယူပြီး

“ဟေး…… ဒါမှ တို့မောင်မင်းကြီးသား ထုံချိုင်းအစ်ကိုကြီးကွ”

ဟု သံပြိုင်အော်ဟစ်ကြပြန်သည်။ သည်တစ်ခါတော့ သူတို့၏ ကျယ်လောင်သော အသံက အုပ်စိုး၏ အာရုံကို မပြောင်းလဲစေတော့ပြီ။ အမှတ်တမဲ့မှသည် အမှတ်ရရ ရင်ကို လှုပ်ကိုင်ဆွဲခါနိုင်စွမ်း လေသူ မိန်းမချောနောက်သို့သာ ခြေရာကောက်လိုက်ရန် လှည်းကိုတွန်းထုတ်ထွက်ခွာလိုက်သည်။

သို့သော် ထုံချိုင်းလှည်းလေး ဘီးဆယ်ပတ်ပြည့်အောင် မလည်နိုင်ခင်မှာပင်

"အစ်ကိုကြီး ထုံချိုင်း....... ခဏလေး........ ခဏလေး"

"အစ်ကိုကြီး ဂမ်းဘတ်မင်းသား"

"အစ်ကိုကြီး ဂျွန်စော"

ဆိုသော ဆူညံသံများဖြင့် ဘသားချောလေးယောက် အုပ်စိုးဆီ အပြေးပြန်ရောက်လာကြပြီး လှည်းကိုဘေးမှ ဆွဲသူကဆွဲ၊ ရှေ့မှပိတ်ရပ်ပြီး တွန်းကာတားဆီးသူက တားဆီးဖြင့် ဗရုတ်သုကန္တနိုင် လွန်းလှပေရာ အုပ်စိုး ဒေါသတွက်ချင်ချင်ဖြစ်လာရသည်။ အားလုံးကို မလိုလားဟန်ဖြင့် တစ်ချက်ဝေ့ ကြည့်ပြီး ပေါက်ကွဲစကားဆိုရန်ပြင်ဆင်လိုက်သည်။ သို့သော်

"အချဉ်ရည်လေး သုတ်ပေးခဲ့ဦးလေ......အစ်ကိုကြီး ထုံချိုင်းရဲ့"

"အင်းလေ.......အချဉ်ရည်မပါဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုသွားစားမှာလဲ"

"အစ်ကိုကြီး ဂမ်းဘက်မင်းသားကလည်းဗျာ....... စေတနာထားရင်လည်း အပြည့်အဂ ထားစမ်းပါ........ တစ်ဝက်တစ်ပျက် စေတနာဆိုတာ လူကြားမကောင်းပါဘူး"

"ဟုတ်ပါတယ် အစ်ကိုကြီး ဂျွန်စောကလည်းဗျာ... ကျွန်တော်တို့ကို တစ်မျိုး မထင်လိုက်ပါနဲ့.... ဒီလောက်ကြီးရက်ရောထားပြီးမှ ဘာမဟုတ်တဲ့ အချဉ်လေးတွန့်တိုမိတာနဲ့ အစ်ကိုကြီးရဲ့ မောင်မင်းကြီးသား ထုံချိုင်းပဲ နာမည်ပျက်မှာ... ကျွန်တော်တို့က အနေသာကြီးပါဗျာ"

ဆိုသော သူတို့လေးတွေ၏ သဘာဂကျသလိုလိုရှိသော ဆိုစကားတွေက ဘာမျှမပြောသာဘဲ ဖြစ်သွားရသည်။ သို့သော် သူတို့စားမည့် အသားချောင်းလေးတွေကို အချဉ်ရည်သုတ်ပေးနေလျှင် လည်း မိန်းမချောလေးနောက်ကို အမှီမလိုက်နိုင်ဘဲဖြစ်ရပေဦးမည်။

ထို့ကြောင့်

"ကိုင်း...... ဒါဆိုရင်လည်း မင်းတို့ဘာသာမင်းတို့ စိတ်ကြိုက်သာလုပ်ကြပေတော့ကွာ........ ဟိုမှာ ငါ့ VIP လေးနောက်ကို ငါ ပြေးလိုက်လိုက်ဦးမယ်"

ဟူ၍ ရင်ခုန်သံကို ဦးစားပေးလိုက်လေရာ ကျေးဇူးရှင်လေးတွေ၏ မျက်နှာ ပြုံးယောင်သန်း သွားလျက်

"ဟေး....... ဒါမှ တို့ရွှေအစ်ကိုကြီး ထုံချိုင်းကွ"

ဟူ၍ အတိုင်းမသိ အူမြူးသွားကြသည်ကို ကြည့်ပြီး အုပ်စိုးကျော်တွန့်သွားရသည်။ သည်မျောက်ကလေးတွေ လက်ထဲသည် ထုံချိုင်းလှည်းလေးကို ဂကွက်အပ်ခဲ့ရမှာ စိတ်မအေးနိုင်ဘဲ ဖြစ်ကာ ကောက်ကာငင်ကာပေါ်လာသည့် သံယောဇဉ်အမျှင်တန်းကို ရှင်ခန်းဖြတ်လိုက်တာပဲ ကောင်းပါတယ်......... ဟူ၍ ထုံချိုင်းလှည်းလေးဆီ စိတ်ပြန်လည်ချင်သလိုလို ဖြစ်သွားရသေးသည်။ သို့သော် ရင်ခုန်သံ၏ ဆွဲအားက မငြင်းဆန်သာသည်မို့

"အို...... ဖြစ်ချင်ရာဖြစ်ကွာ........ မတတ်နိုင်ဘူး"

ဟူ၍ စိတ်ဒုံးဒုံးပိုင်းဖြတ်ပြီး မြင်ကွင်းမှ ပျောက်ကွယ်လုနေပြီဖြစ်သော ဘဂအလင်းရထားလေး နောက်သို့ အပြေးတစ်ပိုင်းခြေလှမ်းဖြင့် သွက်သွက် လှမ်းလိုက်ရလေသည်။

ကံကောင်းသည်လို့ပဲ ပြောရမည်။ သိပ်ဝေးဝေးပြေးလိုက်စရာမလိုဘဲ ဘဂအလင်းရထားလေးကို မိလုမိခင်ဖြစ်သွားရသည်။ ထိုအခါမှ စိတ်အေးသွားလျက် လောနေသော စိတ်၊ စောနေသော ဆန္ဒ၊ မြန်နေသော ခြေလှမ်းတို့ကို သိသာစွာလျှော့ချလိုက်ကာ ရင်ခုန်သံကို ပြန်လည်ပျိုးယူရင်း အလင်း ရထားလေးနောက်မှ မယောင်မလည်လိုက်ပါရသည်။

နောက်မှ လိုက်ပါလာသူ အုပ်စိုးကသာ တကယ့်ဧရာမစွန့်စားခန်းကြီးတစ်ရပ်လို အသည်းတ ထိတ်ထိတ်၊ ရင်တဖိုဖိုဖြစ်နေရသော်လည်း သူမကတော့ မိမိနောက်မှ မိမိအားခြေရာခံလိုက်ပါလာသူ တစ်ယောက်ရှိလေသည်ကို အလျဉ်းရိပ်စားမိဟန်မတူဘဲ လက်ထဲမှ စာရွက်တွေကိုသာ စိတ်ဝင်တစား တဖျတ်ဖျတ် လှန်လှောကြည့်ရှုနေသည်ကို တွေ့ရသည်။

အတန်ငယ်လျှောက်ပြီးနောက် ဣန္ဒာသယလမ်းထဲသို့ ချိုးဝင်သွားသည်ကိုတွေ့ရသဖြင့် ဘဂ အလင်းရထားလေး ဣန္ဒာသယလမ်းမှာနေတာဖြစ်နိုင်ကောင်းသည်ဟုတွေးမိရင်း ဆက်လက်နောက်ယောင်ခံလိုက်ရသည်။ ခြေလှမ်းနှစ်ဆယ်မပြည့်တတ်သေးခင်မှာပင် အုပ်စိုး၏ တွေးထင်ချက် မှန်ကန်ကြောင်း ထင်ရှားသက်သေ ပြလေသည့်အလား ဘဂအလင်းရထားလေးလည်း လေးခန်းတွဲ ရှစ်ထပ် တိုက်တစ်တိုက်ပေါ်သို့ တက်သွားသည်ကို တွေ့ရသည်။ အုပ်စိုးလည်း ထိုတိုက်နံပါတ်ကို သေချာ မှတ်သားပြီးနောက် မယောင်မလည်ဖြင့် နောက်ကြောင်းပြန်လှည့် လျှောက်လာရသည်။ အလင်းရထား လေး၏ ရပ်နားရာဘူတာကို သိခွင့်ရခဲ့သဖြင့် အုပ်စိုးအပျော်ကြီးပျော် အကျေနပ်ကြီးကျေနပ်ရင်း ခြေလှမ်းတို့က ပေါ့ပါးတက်ကြွနေသည်။

အနာဂတ်ချစ်ဗိမာန်ကို စိတ်ကူးဖြင့် တည်ဆောက်ရင်း အုပ်စိုးမျက်နှာကြီး ပြုံးယောင်သန်းလာရာမှ မိမိ၏ ထုံချိုင်းလှည်းလေးကို ဖျတ်ခနဲသတိရသွားကာ မျက်နှာလည်း ပျက်သွားရသည်။

လက်စွမ်းအတော်ထက်မည့် ကျေးဇူးရှင်လေးများ၏ မျက်နှာကိုမြင်ယောင်ရင်း အုပ်စိုး ပိုကျော ချမ်းသွားရသည်။

“ဒုက္ခပါပဲ.........ဟိုမျောက်လောင်းလေးတွေလက်ချက်နဲ့ ငါ့ထုံချိုင်းလှည်းလေး အကောင်း ပကတိမှ ရှိပါသေးရဲ့လား...

ရောင်းစရာထုံချိုင်းလေးတွေရော ကျန်ပါသေးရဲ့လား မသိ… ဘုရား ဘုရား”

အုပ်စိုးပူပန်စွာ ရေရွှတ်မိရင်း ခြေလှမ်းကို အမြန်နှုန်းမြှင့်ကာ မိမိ ထုံချိုင်းလှည်းရှိရာဆီ အပြေးတစ်ပိုင်း ပြန်လာရလေသည်။

ထားခဲ့သည့် နေရာမှာပင် ခြေရာလက်ရာမပျက်ဘဲရှိနေသေးသည့် ထုံချိုင်းလှည်းလေးကို လှမ်းမြင်ရပါမှ အုပ်စိုးလည်း ရင်မှအပူလုံးလျော့ကျပြီး

“ဟူး… တော်ပါသေးရဲ့… ဟိုကျေးဇူးရှင်လေးတွေ တစ်စစီဖြုတ်ပြီး ဆော့ပစ်လိုက်ပြီ အောက်မေ့လို့”

ဟူ၍ စိတ်သက်သာရာရကြောင်း ရေရွှတ်မိလိုက်သည်။ သို့သော် ထုံချိုင်းလှည်းဆီသို့ ရောက်သောအခါမှာတော့ အေးမည်ကြံသော ရင်လည်းမအေးနိုင်တော့ဘဲ မျက်လုံးအစုံ ပြူးကျယ်သွားရတော့သည်။

“ဟင်”

လှည်းပေါ်တွင် အသားတစ်စမျှမကျန်တော့သလို အသားကင်ရာ၊ ကြော်ရာတွင် အသုံးပြုသည့် မီးဖိုဒယ်အိုနှင့်တကွ အသုံးအဆောင်ပစ္စည်း ဘာတစ်ခုကိုမှ မတွေ့ရတော့။ အ တယ်ထင်ပြီး ဂုတ်လည်းစီးသေး ရှူးရှူးလည်းပေါက်ချသေးဆိုလို့ကတော့ လူကြီးသော ကလေးသော ရယ်လို့ နားလည်မှုမပေးနိုင်။ မှတ်လောက်အောင် ဆုံးမပစ်ရမည်သာ။ ထို့ကြောင့်

“တောက်…..တွေ့ကြသေးတာပေါ့ကွာ… အုပ်စိုးကို ဒါမျိုးလာစမ်းလို့ကတော့ သဘောပေါက် နောက်ကျသွားမယ် မှတ်… ဟင်း”

အုပ်စိုး ဒေါသကိုမောင်းတင်ပြီး ပတ်ဝန်းကျင်ကို မိုက်ကန်းကန်းမျက်နှာဖြင့် ဝေ့ကြည့်လိုက် သည်။ ဝေ့ကြည့်လိုက်သည့်အခိုက်မှာပင် မလှမ်းမကမ်းရှိ ဆိုက်ကားတစ်စီးပေါ်တွင် မိမိ၏ ပျောက်ဆုံး ပစ္စည်းများကို အတိုင်းသားတွေ့လိုက်ရသည်။

မျက်မှောင်ကုတ်မိလျက် ဟုတ်မဟုတ်သေချာစေရန် သေချာစူးစိုက်ကြည့်လိုက်ရာ အသေချာ ဆုံးပဲဖြစ်နေသည်ကို တွေ့ရသည်။

အသားမျိုးစုံထည့်ထားသည့် လင်ပန်းလေးချပ်ကို ထပ်ပြီးတင်ထားရုံမျှနှင့် အားမရသေးဘဲ ဒယ်အိုး၊ ဆီပုလင်းတို့အပြင် အသားကင်မီးသွေးမီးဖိုကိုပင် မီးသတ်ပြီး ဆိုက်ကားပေါ် အသင့်တင်ထားပြီး ဖြစ်နေသည်။ ထို ဆိုက်ကားအနီးတွင် လူသုံးယောက်ကိုတွေ့ရသည်။ ပိုင်ရှင်လစ်ပြီအထင်နဲ့သုတ် ပြေးရန်ကြံစည်ခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။

အုပ်စိုး မီးဝင်းဝင်းတောက်သောမျက်လုံးအစုံဖြင့် ဆိုက်ကားရှိရာဆီ ခပ်သွက်သွက် သွားလိုက်သည်။ ဆိုက်ကားအနီးရှိလူသုံးဦးလည်း အုပ်စိုး သူတို့ထံ ဦးတည်လာနေသည်ကို ရိပ်မိလာသည်နှင့် အချင်းချင်းကြည့်ပြီး ခေါင်းညိတ်ပြကြသည်။ သဘောကတော့ ပစ္စည်းဖြောင်ပြီး ပြေးလို့မလွတ်မယ့် အတူတူ အုပ်စုအားကိုးနဲ့ ဝိုင်းဖွဲ့မယ်ပေါ့လေ။ အ ဟင်း… ဒါမျိုးကတော့ ပျင်းတောင်ပျင်းသေးတယ်။ အုပ်စိုးတို့က ကရာတေးရော၊ ဂျူဒိုရော၊ မြန်မာ့လက်ဝှေ့ပါ ကျွမ်းပြီးသား။

အုပ်စိုး တိုက်ခိုက်ရန် အသင့်အနေအထားကို မသိမသာပြင်ဆင်ရင်း ထိုသုံးဦးရှေ့သို့ ရဲရဲလျှောက်သွားလိုက်သည်။ ထို့ပြင် မာကျောရဲရင့်သော လေသံဖြင့် တိုက်ပွဲခေါ်သံ ပေးလိုက်သည်။

“ဒီမယ်… ခင်ဗျားတို့ ကျုပ်မရှိတုန်း ကျုပ်ပစ္စည်းတွေကို ယူထားတာ ဘာသဘောလဲ”

ပိုင်ရှင်ရောက်လာမှန်းသေချာသွားသည်နှင့် ထိုပုဂ္ဂိုလ်သုံးဦးလည်း လှုပ်လှုပ်ရှားရှားဖြစ်သွား ကြသည်။ ထိုအထဲမှ လူမိုက်ပုံပေါက်သော ဂင်တိုတိုနဲ့သူက

“ဒါဆို… ဒီထုံချိုင်းလှည်းက မောင်ရင့်လှည်းပေါ့… ဟုတ်လား”

"ဟုတ်တယ်.... ကျုပ်လှည်းမှ ကျုပ်လှည်းအစစ်ပဲ... ရေတစ်စက်မှမရောဘူး... ပြီးတော့ ဒီဆိုက်ကားပေါ်က အသားတွေကလည်း ကျုပ်ပစ္စည်းတွေပဲ... ရှင်းလား"

အုပ်စိုး၏ ဝန်ခံစကားကြားသည်နှင့် ထိုပုဂ္ဂိုလ်သုံးဦး အချင်းချင်းလှည့်ကြည့်ကာ ခေါင်းညိတ်ပြ ကြ၏။ သူတို့၏ အခြေအနေကို မပြတ်အကဲခတ်နေသော အုပ်စိုးသည်လည်း ခုခံတိုက်ခိုက်ရန် နောက်ခြေတစ်လှမ်းဆုတ်ကာ သိုင်းကွက်ဆွဲလိုက်၏။ သို့သော်

"ကိုင်း....ဒါမောင်ရင့်လှည်းဆိုမှတော့ မောင်ရင်ကျုပ်တို့နဲ့ရုံးကိုခဏလိုက်ခဲ့ပါ"

ဆိုသော ဆက်ပြောလာသည့် ဂင်တိုတို ပုဂ္ဂိုလ်၏ စကားကြောင့် အုပ်စိုး ကြောင်သွားရသည်။

"အို... နေရင်းထိုင်ရင်း ကျုပ်က ဘယ်ရုံးလိုက်ရမှာလဲ"

"မြို့နယ်စည်ပင်ရုံးကိုလိုက်ခဲ့ရမှာပါ"

"ဗျာ...... စည်ပင်ရုံးလိုက်ပြီး ကျုပ်ကဘာလိုက်လုပ်ရမှာလဲ"

စည်ပင်သာယာရုံးသို့လိုက်ရမည်ဆိုသောကြောင့် အုပ်စိုး နားမလည်နိုင်သလို ဖြစ်သွားရသည်။ အုပ်စိုး၏ နားမလည်နိုင်မှုကို ဂင်တိုတိုလူဘေးတွင် ရပ်နေသော ပါဝါမျက်မှန်နဲ့ ပုဂ္ဂိုလ်က ရှင်းလင်းပေး ရာ အုပ်စိုး ဗျာ..... တပြီး ဆွဲထားသော သိုင်းကွက်တွေ အလိုအလျောက်ပျက်ပြယ်သွားရတော့သည်။

"စည်ပင်ရုံးကို ဘာလိုက်လုပ်ရမှာလဲဆိုတော့... ဈေးမရောင်းရ သတ်မှတ်ထားတဲ့နယ်မြေ မှာ ဈေးရောင်းတယ်... နောက်ပြီးတော့ မီးဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ မီးသွေးမီးတွေကို ဒီအတိုင်း ပစ်ထားခဲ့တယ်...

ဒါကြောင့် ကန့်သတ်နယ်မြေမှာ ဈေးရောင်းမှု… မီးပေါ့ဆမှုတွေနဲ့ အရေးယူခံဖို့… ခင်ဗျားလိုက်ခဲ့ရမယ်”

“ဗျာ…… ဟို……. ဟိုလေ…… ကျွန်……. ကျွန်တော် ဒီမှာရောင်းချင်လို့ ရောင်းတာ မဟုတ်ပါဘူး ကလေးတွေက စားချင်တယ်ဆိုလို့ စေတနာနဲ့လုပ်ပေးလိုက်တာပါ…… အဲ ပြီး… ပြီးတော့ ဒီမီးတွေ ကိုလည်း ဒီအတိုင်းမထားခဲ့ပါဘူး………ထုံချိုင်းဝယ်စားတဲ့ ကလေးတွေကို သေချာအပ်ခဲ့တာပါ”

“အေး… အဲဒီ လို မျောက်လိုဆော့တတ်တဲ့ ကလေးတွေလက်ထဲ အဲဒီ မီးတွေအပ်ခဲ့တာကိုက ခင်ဗျားအပြစ်ပိုကြီးသွားတာပဲ”

“ဗျာ”

*

# အခန်း (၂)

"ဟင်........ ဘယ့်နှယ်.... ဘာလုပ်လုပ် အဆင်ကိုမပြေဘူး........ အလုပ်လုပ်ပြန်တော့လည်း တစ်ခုမှ မမြဲဘူး... ခန္ဓာမရောက်ခင် ဖြုတ်စာ အရင်ရောက်နေတတ်တဲ့ကောင်... စိတ်ကူးပေါက်လို့ ထုံချိုင်းသွားရောင်းတော့လည်း အရင်းပြုတ်လာတဲ့အပြင် ဒဏ်ကြေးပါဆောင်လာရသေးသတဲ့..... ဟင်း........ နင့်ကို ဘယ်နားမှာ သုံးစားရမှာလဲ အုပ်စိုးရဲ့"

ဒေါ်ငွေးငွေးခင်တစ်ယောက် တဗျစ်တောက်တောက်မြည်တွန်တောက်တီးရင်း အပြစ်ဆိုနေ သည်ကို အုပ်စိုးလည်း ဆင်ခြေတက်အားမရှိသာဘဲ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်ဖြင့်သာ သနား စဖွယ်အမူအရာကို ပိုပိုသာသာဆောင်ထားလေ၏။ အုပ်စိုး သရုပ်ဆောင်ကောင်းသည်ကို ကြည့်ပြီး ဒေါ်ငွေးငွေးခင်မျက်စောင်းထိုးကာ စကားဆက်၏။

"ဟင်း... ပြောလိုက်ရင် ဒီလိုချည်းပဲ... မျက်စိသူငယ် နားသူငယ်နဲ့... ဘေးကကြား ရင် ပြောတဲ့လူကပဲအပြစ်ဖြစ်ဦးမယ်... နင်လုပ်တာကိုင်တာအချိုးမပြေတာကိုတော့ လူတွေက သိကြတာမဟုတ်ဘူး... ငါ့စကားပဲ လူကြားတာ... ငါ့ကို ပတ်ဝန်းကျင်က မိန်မကြမ်းကြီးလို့ ထင်အောင်လို့ နင်လုပ်နေတာပေ့ါလေ ဟုတ်လား"

အုပ်စိုး ခေါင်းလေးငုံ့နေရာမှ မျက်လုံးတစ်ချက်လှန်ကြည့်ပြီးနောက် ချက်ချင်းဆိုသလို အကြည့် လွှဲလိုက်၏။ ဒေါ်ငွေးငွေးခင်သည်မျှ ပြစ်တင်ပြောဆိုနေတာတောင် တစ်ခွန်းတလေမျှစောဒက မတက်ဘဲ ငြိမ်ကုတ်နေသော အုပ်စိုးကိုကြည့်ရင်း မို့မို့လည်းမနေသာဘဲ ကြားဝင်ရတော့သည်။

"ကဲပါ အမေရယ်... ကိုကြီးစိုးလည်း ဖြစ်ချင်လို့ဖြစ်တာမှ မဟုတ်ဘဲ..."

ကံမကောင်း အကြောင်းမလှလို့ ဒီလိုကြုံတွေ့ခဲ့ရတာ ပါ... အမေပြောလည်း သူပိုစိတ်ညစ်ရတာ ပဲရှိမှာ... နောက်ကို ဒီလိုမျိုးမဖြစ်အောင် သူလည်း သင်ခန်းစာယူတတ်သွားတာပေါ့... ဟုတ်တယ် မဟုတ်လား ကိုကြီးစိုး"

မို့မို့ မိခင်ဖြစ်သူ ဒေါ်ဌေးဌေးခင်ကို ဖျောင်းဖျရင်း အုပ်စိုးအား ထွက်ပေါက်တွင် စကားလမ်း ကြောင်းပေးလိုက်ရာ အုပ်စိုးက မလွန်အကျွံ ကျိုးနွံသော အမူအရာဖြင့် ခေါင်းသွက်သွက်ညိတ်ပြလေ သည်။ သူ့ဇသီအတိုင်း (၇)ရက် (၇)လီ ပါးစပ်ပေါက်ပေါက်ဖောက်ရမှ ကျေနပ်တတ်သူပီပီ

"ဟွန်း.... သူလား သင်ခန်းစာယူတတ်မှာ... သူသာ သူ့အမှားတွေကို သင်ခန်းစာယူတတ်ခဲ့ ရင် လုပ်သမျှ အလုပ်မမြဲစရာအကြောင်းမရှိဘူး"

"သြော်... အမေကလည်း... ကိုကြီးစိုးက မဟုတ်မခံသမား... မျက်နှာလိုမျက်နှာရမလုပ် တတ်တော့ နားထောင်ခေါင်းညိတ် အမြှောက်ကြိုက်တတ်တဲ့ လူတွေနဲ့ ဆက်ဆံရတာ အဆင်မပြေ ဘဲ... ခုလို အလုပ်တစ်ခုပြီးတစ်ခု ပြောင်းနေရတာ ပါ... ဟုတ်တယ် မဟုတ်လား ကိုကြီးစိုး"

"အင်း....... ဟုတ်"

မို့မို့စကားကို အုပ်စိုးသဘောခွေ့ကာ အင်းလိုက်ကောက်တုန်းရှိသေး ဒေါ်ဌေးဌေးခင်က

"အံမယ်...... ဒီမှာ မိမို့...... ညည်းအစ်ကိုအကြောင်းလည်း ညည်းမသိတာမဟုတ်ဘူး... အထင်သေးတာမခံနိုင်လို့ တို့.... လစာရတာ နဲ့ ဦးနှောက်ဖောက်စားခံရတာ မကာမိတာတို့..... အကြောင်းအမျိုးမျိုးပြပြီး ဟိုအလုပ်ကထွက်လာရတာ နဲ့........ ဒီအလုပ်ကပြုတ်ရတာ နဲ့.... အခု ထုံချိုင်းရောင်းတာကိုလည်း ဖိဖိစီးစီးလုပ်ချင်တာ မဟုတ်ဘူး....... လက်ထဲသုံးစရာပိုက်ဆံပြတ် မှ ထုံချိုင်း ရောင်းထွက်ရကောင်းမှန်းသိတာ......... တကတည်း ဒီလို လက်ကြောမတင်းပုံမျိုးနဲ့

ရှေ့လျှောက်ဘယ်လိုစခန်းသွားမယ်မပြောတတ်ပါဘူး”

“ဩော် အမေကလည်း.......ကိုကြီးစိုးကို အဲဒီ လောက်ထိလည်း အထင်မသေးပါနဲ့....... ကိုကြီးစိုး တကယ်လုပ်ချင်လို့ ထ လုပ်တဲ့အခါကျရင် တကယ်ထွန်းပေါက်မှာပါ..... အမေ မယုံရင် ကြည့်နေ”

“အေးပါ... ကြည့်နေပ့ါမယ်... ကြည့်နေပ့ါမယ်... သူထွန်းပေါက်လည်း တို့က တော့ ဘာမှမမျှော်ပါဘူး... သူ့ဘာသာ မြန်မြန်ထွန်းပေါက်လို့... မြန်မြန်မိန်းမယူသွား... ပိုတောင် ကောင်းသေးတယ်”

မြန်မြန်မိန်းမယူသွားရင် ပိုတောင်ကောင်းသေးတယ်ဆိုသော ဒေါ်ငွေငွေခင်စကားကို အုပ်စိုးအတော်လေးသဘောကျသွားဟန်တူ၏။ သဘောကျတာမှ

“ဟီး”

ဆိုပြီး အသံထွက်သွားသည်ထိပင်။ ဒေါ်ငွေငွေခင်ရယ်ချင်သော်လည်း မရယ်မိအောင် နှုတ်ခမ်းကိုပိုပိုသာသာမဲ့ပြီး

“ဟင်း.......လူကသာ လက်ဆုပ်လက်ကိုင်ပြစရာ ဘာအလုပ်မှမရှိတာ....မိန်းမယူဖို့ကျ တော့ အသံကြားတာနဲ့ အတော်သဘောကျသွားတယ် ဟုတ်လား”

ဟု ဆက်လက်ပြောဆိုရာ အုပ်စိုးမျက်နှာပိုးမသတ်နိုင်ဘဲ ရယ်ဖြဲဖြဲဖြင့် ဒေါ်ငွေငွေခင် အား ပြန်ကြည့်၏။ မို့မို့လည်း ရယ်ချင်မျက်နှာပေးဖြင့်

“ဟုတ်ပ...... မိန်းမယူဖို့အသံလည်းကြားရော ကိုကြီးစိုးမျက်နှာ မဖုံးနိုင်မဖိနိုင်နဲ့ ပြုံးဖြီးဖြီးကိုဖြစ်လာပါရောလား....... ဧကန္တတို့ကိုကြီးစိုးမှာ ချစ်သူရည်စားတွေ ဘာတွေရှိနေပြီ ထင်တယ်”

ဟူ၍ စသလို နောက်သလို စုံစမ်းသည်ကို အုပ်စိုးက

"ဟီး"

ဆိုပြီးပဲ တဟီးတည်းဟီးပြနေ၏။

အုပ်စိုးကို ယောင်လို့မှုအထင်ကြီးပုံမရသော ဒေါ်ငွေးငွေးခင်က

"ဟင်း... ညည်းအစ်ကို ညည်းဘာသာ အထင်ကြီးနေ... ငါတော့ အထင်မကြီးပေါင် ဒီလိုလက်ကြောမတင်းတဲ့ကောင်မျိုး... ဘယ်မိန်းမက ကြိုက်မှာလဲ"

"သြော်.... ကိုကြီးစိုးက ဒီလောက်ချောတဲ့ဟာကို...... နော် ကိုကြီးစိုးရယ်"

"ဟီး........ ဟုတ်တယ်"

အုပ်စိုးထိုင်နေရာမှ အိမ်ရှေ့ခန်းရှိ ဘီရိုမှန်တွင် ကိုယ့်ကိုယ်ကိုယ် မသိမသာလှမ်းကြည့် လိုက်၏။ ဒါကိုပင်တွေ့ဖြစ်အောင်တွေ့လိုက်သော ဒေါ်ငွေးငွေးခင်က နှိပ်ကွပ်စကားဆိုလေ၏။

"ဟဲ့......... ရုပ်ချောတာ ဘာလုပ်ရမှာလဲ... ကြော်စားလို့လည်း မရ...... ချက်စားလို့လည်း မရ...... အဓိကက ဇမ်းဇခါးလှအောင် ကျွေးမွေးဆင်ယင်နိုင်မှ မိန်းကလေးက သဘောကျမှာပေါ့"

"သြော်... အဲဒီ ကျတော့လည်း ကိုကြီးစိုးက ဒီအတိုင်းနေမှာမှ မဟုတ်တာ......သူ့ မိန်းမအတွက်ပဲ... ကြိုးစားမှပေါ့...... နော့ ကိုကြီးစိုး နော်"

"ဟီး... ဟီး... ဟုတ်တယ်"

"ယုံတယ်... ယုံတယ်... တစ်သက်လုံး ကျွေးမွေးလာတဲ့ အဒေါ်ကိုတော့ လုပ်ကျွေးရကောင်းမှန်း မသိဘူး... မရသေးတဲ့ မိန်းမကျတော့ ကြိုပြီး လုပ်ကျွေးချင်နေတယ် ဆိုတာ"

"သြော်... ဒါကတော့ သဘာဝကိုး အမေရဲ့...... ဟုတ်တယ် မဟုတ်လား

ကိုကြီးစိုး”

“ဟီး...... ဟီး... ဟုတ်”

“အေးပါ... ဟုတ်ပါ... ဟုတ်ပါ... နင်တို့မောင်နှမ နှစ်ယောက်ကတော့ တော်တော်အတိုင်အဖောက်ညီနေတယ် ဟုတ်လား...... တော်ပြီ နင်တို့နဲ့ စကားဖက်ပြောမနေ တော့ဘူး... အချိန်ကုန်တယ်... လုပ်စရာရှိတာတွေ သွားလုပ်လိုက်ဦးမယ်”

မို့မို့လည်း ပြောပြောဆိုဆို နေရာမှ ထွက်ခွာသွားသော ဒေါ်ဌေးဌေးခင်ကိုကြည့်ပြီးနောက် အုပ်စိုး ကိုကြည့်ကာ လက်မထောင်ပြ၏။ အုပ်စိုး ပခုံတွန့်ကာပြန်ရယ်ပြလိုက်၏။ မို့မို့ အုပ်စိုးကို အကဲခတ် သလို ကြည့်ရင်း

“ဟုတ်ပါတယ် ငါပြောတာမမှားပါဘူး... တို့ အစ်ကိုက လူချောပါ... ကင်းလိပ်ချောတွေ တောင် သူတို့ထက်ချောလို့ ဆိုပြီးအိမ်ရှေ့ကနေ လာ လာကြည့်နေတဲ့ဥစ္စာ...... ဟော ဟိုမှာ ဟိုမှာ... ပြောရင်းဆိုရင်း တစ်ကောင်လာကြည့်နေပြန်ပြီ... ဟား... ဟား”

ဟု အိမ်ရှေ့ကို လက်ညှိုးညွှန်ပြလေရာ အုပ်စိုးလည်း ယောင်ပေါင်ပြီး ဟုတ်နိုးနိုးဖြင့် လိုက်ရှာကြည့်မိလေ၏။ ပြီးမှ မို့မို့နောက်မှန်း ရိပ်မိပြီး ရှက်ရယ်ရယ်ကာ

“ဟီး... ဟုတ်ပါရဲ့... ကိုယ့်လောက်နီးနီးချောတဲ့ကောင် ပါလား”

ဟူ၍ ချောလဲရောထိုင် ရောချရင်း ဟာသပြန်ဖောက်လိုက်လေ၏။

ဘာပဲပြောပြော အုပ်စိုးတစ်ယောက် ဒီကနေ့ဟုတ်ကြောင်းမှန်ရာကိုသာ ရွေးချယ်ပြောဆိုနေသည့် မို့မို့ကို အထူးကျေးဇူးတင်နေမိသည်။ တစ်ဆက်တည်းမှာပင် ဖူးစာဖက်ဟု မိမိဘာသာ တစ်ဖက် သတ် မှတ်ယူထားသော ဘဂအလင်းရထားလေးအား အလိုလို မြင်ယောင်မိရင်း ရင်ခုန်သံတွေမြန်လာ

ရသည်။

ဘုရားစူး......။

ကိုယ့်ဘဝမှာ မင်းလေးနဲ့တွေ့မှ ရင်ခုန်ရကောင်းမှန်းသိတာပါ။ မယုံရင် ကိုယ့်ရင်ကို ခွဲကြည့် ပါလား။ ကိုယ်ဟာ ရင်ခုန်သံအသစ်ကျပ်ချွတ်နဲ့လူဆိုတာ မင်းလေးအချစ်နဲ့ရင်းပြီး ယုံသွားစေရမယ် ကိုယ့်ဘဝရဲ့ အလင်းရထားလေးရေ......။

ဩော်....

ကိုယ့်ဘဝကို အလင်းရောင်ပေးပြီး သင့်တင့်လျောက်ပတ်ရာ ဆိုက်ကပ်ရပ်နားစရာ အနာဂတ် ဘူတာရုံလေးဆီ သယ်ဆောင်သွားနိုင်မယ့်သူမို့ ဘဝအလင်းရတာ းလေးလို့ အမည်ပေးလိုက်ပါရစေ လား။

*

"မင်းပြောပုံအရ ဣစ္ဆာသယလမ်းမှာနေတယ်...... အရပ်မနိမ့်မမြင့်... ဆံပင်မတို မရှည် ...... အသားလတ်လတ်... မျက်နှာဝိုင်းဝိုင်းနဲ့ ခပ်လှလှကောင်မလေးဆိုတော့...... အင်း... ဟုတ်ပြီ"

"ဘာလဲ... ဒါ... ဒါဆို မင်းသိတယ်ပေ့ါ ဟုတ်လား"

ခန့်ကို၏ ပြောမှုဆိုမှုကိုကြည့်ပြီး အုပ်စိုးတက်ကြွလာရသည်။ သောက်မည့် လက်ဖက်ရည်ခွက် ကိုပင် မသောက်ဖြစ်သေးဘဲ စားပွဲပေါ်ပြန်ချကာ ခန့်ကို ဆက်ပြောလာမည့် စကားကို စိတ်ဝင်တစား စောင့်ဆိုင်းနေလေ၏ ။ ခန့်ကို ခေါင်းညိတ်၏ ။ ပြီး ခေါင်းခါ၏ ။

"ဟင့်အင်း... မသိဘူးကွ"

"ဟာကွာ... လန့်ဖျားတဲ့မှပဲ... သိများ သိလို့လားလို့"

အုပ်စိုးစိတ်ဓါတ်ကျသွားဟန်ဖြင့် လက်ဖက်ရည်ခွက်ကို ယူသောက်၏။ ပြီး ဘာဆက်လုပ်ရမည် မသိသော အမူအရာဖြင့် လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွားဖြတ်လာ ပြုနေသူများကို မဆီမဆိုင် လိုက်ကြည့်နေမိ၏။ ခန့်ကိုလည်း အကြွမ်းပန်းကန်လုံးထဲ ရေနွေးကြမ်းဖြည့်နေရင်းမှ အုပ်စိုးကို အကဲခတ်သလိုကြည့်ပြီး သဘောကျစွာပြုံး၏။ ထို့နောက် ရေနွေးကြမ်းတစ်ငုံခန့်ငုံပြီးမှ

"အဲလောက်လည်း စိတ်ဓါတ်မကျပါနဲ့ အုပ်စိုးရာ… ငါမသိပေမယ့် သိနိုင်တဲ့လူရှိပါတယ်ကွ"

"ဟင်… ဟုတ်လား… ဘယ်… ဘယ်သူလဲဟင်"

ခန့်ကိုစကားကြောင်း အုပ်စိုးခန္ဓာကိုယ် ဆတ်ကနဲပြန်မတ်လာရသည်။ မှေ့ာ်လင်းချက် ရောင်ခြည်များလည်း မျက်လုံးအစုံမှာ ပြန်လည်ကွန့်မြူးလာသည်။ ခန့်ကို အုပ်စိုးကို တစ်ချက်ကြည့်ပြီး ပြော၏။

"အဲဒီ ကုဋ္ဌာသယလမ်းမှာ ငါ့ဘော်ဒါတစ်ယောက်ရှိတယ်… သူ့ဆီမှာ စုံစမ်းရင်တော့ မင်းရဲ့ ရင်ခုန်သံကဝေပျိုမလေး အကြောင်းသိနိုင်ကောင်းပါရဲ့ကွာ"

*